## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၉ ရက်

**ညွှန်ကြားချက်အမှတ် (၆/၂၀၂၀)**

အကြောင်းအရာ။ **ဘဏ်များက မြန်မာကျပ်ငွေဖြင့်ထားရှိရမည့် အနည်းဆုံးသီးသန့်ငွေလိုအပ်ချက် (Minimum Reserve Requirement) ယာယီပြင်ဆင်သတ်မှတ်ခြင်း**

ရည် ညွှန်းချက်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ၁၇-၂-၂၀၁၅ရက်စွဲပါ ညွှန်ကြားချက်အမှတ် (၁၀/၂၀၁၅)

၁။ အထက်ရည်ညွှန်းချက်ပါစာဖြင့် ဘဏ်များကထားရှိရမည့် အနည်းဆုံးသီးသန့်ငွေလိုအပ်ချက်ကို အပ်ငွေစုစုပေါင်း၏ ( ၅) ရာခိုင်နှုန်းထားရှိရန်သတ်မှတ်ခဲ့ပါသည်။

၂။ COVID-19 ရောဂါနှင့်ဆက်စပ်ဖြစ်ပေါ်လျက်ရှိသော လက်ရှိအခြေအနေအရ ပုဂ္ဂလိကဘဏ်များ၏ ငွေကြေးလွယ်ကူမှုကိုအထောက်အကူဖြစ်စေရန် မြန်မာကျပ်ငွေဖြင့်ထားရှိရမည့် အနည်းဆုံးသီးသန့်ငွေလိုအပ်ချက်ကို ဘဏ်နှင့်ဆက်သွယ်သူများ (Customers) အပ်ငွေစုစုပေါင်း၏ (၃.၅) ရာခိုင်နှုန်းထားရှိရန် ပြင်ဆင်လျှော့ချသတ်မှတ်လိုက်သည်။

၃။ ပြင်ဆင်လျှော့ချမှုကာလသည် (၃၀.၉.၂၀၂၀) အထိဖြစ်ပြီး၊ ပြင်ဆင်လျှော့ချသတ်မှတ်သည့် အနည်းဆုံးသီးသန့်ငွေလိုအပ်ချက်အောက် လျော့နည်းထားရှိပါက ဘဏ်များသည် မူလသတ်မှတ်ချက်အတိုင်း ဒဏ်ကြေးပေးဆောင်ရမည် ဖြစ်ပါသည်။

(ပုံ) xxxxxxxxx

ဥက္ကဋ္ဌ(ကိုယ်စား)

(စိုးသိန်း၊ ဒုတိယဥက္ကဋ္ဌ)

**ဖြန့်ဝေခြင်း**

ဘဏ်များအားလုံး

မိတ္တူကို

ရုံးလက်ခံ/မျှောစာတွဲ